# Stay at home အစီအစဉ်တွင်အကျုံးဝင်သောစက်ရုံ၊အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိအလုပ်သမား၊ဝန်ထမ်းများအားလူမှုဖူလုံရေးထောက်ပံ့ငွေများဆက်လက် ခွင့်ပြုထုတ်ပေးလျက်ရှိ

COVID-19 ရောဂါ ကူးစက်ပြန့်နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် Stay at home အစီအစဉ်တွင်အကျုံးဝင်သောပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ % ကို ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုလျက်ရှိရာ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀ မှ ၃၂/၂၀၂၀ အထိ)အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန **(၄,၅၂၃) ဌာန**မှ အာမခံအလုပ်သမား **(၆၁၁,၂၂၅) ဦး** အတွက် ထောက်ပံ့ငွေ **(၃၈,၆၈၂.၀၉၃) ကျပ်သန်း** အား သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ၅-၁၀-၂၀၂၀ ရက်နေ့မှစ၍ ခွင့်ပြုထုတ်ပေးခဲ့ပြီး ခွင့်ပြုထုတ်ပေးခဲ့သည့် စာရင်းအသေးစိတ်ကိုနေ့စဉ်ထုတ်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် ကြေငြာခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ စိစစ်ရေးဘုတ်အဖွဲ့အစည်းအဝေးအမှတ်စဉ်**(၃၃/၂၀၂၀ မှ ၄၁/၂၀၂၀အထိ)** တို့အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန**(၁,၂၅၆)**ဌာနမှ အာမခံအလုပ်သမား **(၆၂,၇၆၆) ဦး** အတွက်ထောက်ပံ့ငွေ **(၃,၈၀၃.၈၃၃)ကျပ်သန်း** အား သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီး၊ စာရင်းအသေးစိတ်ကို သက်ဆိုင်ရာလုပ်ငန်းဌာနများသို့ အကြောင်းကြားပြီးသည့်အပြင် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ Website တို့တွင်လည်းကြေငြာထားပြီး၊ UMFCCI နှင့် အလုပ်သမားသမဂ္ဂများထံသို့လည်းအချိန်နှင့်တပြေးညီပေးပို့ထားပြီးဖြစ်ပါသည်။

ယနေ့အထိ Stay at home အစီအစဉ်တွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနစုစုပေါင်း **(၅,၇၇၉) ဌာန**မှ အာမခံအလုပ်သမား **(၆၇၃,၉၉၁) ဦး** အတွက် ထောက်ပံ့ငွေ **(၄၂,၄၈၅.၉၂၆) ကျပ်သန်း** အား ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျန်တောင်းခံလွှာများကိုလည်း ဆက်လက်စိစစ်၍ ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။